အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
**NATIONAL LEAGUE FOR DEMOCRACY ( LIBERATED AREA )**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)<br>ဆဋ္ဌမအကြိမ်ညီလာခံကြီးမှ ထုတ်ပြန်ကြေညာချက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ဆဋ္ဌမအကြိမ်ညီလာခံကြီးကို ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့မှ (၁၇) ရက်နေ့ထိ အောင်မြင်စွာကျင်းပခဲ့ပါသည်။ ၎င်းညီလာခံကြီးသို့ ဗဟိုကော်မတီဝင်များ၊ တိုင်းဒေသ အသီးသီးတို့မှ ညီလာခံကိုယ်စားလှယ်များ၊ နိုင်ငံတကာဌာနခွဲများမှ ခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ စုစုပေါင်း (၄၂) ဦး တက်ရောက်ခဲ့ကြပါသည်။

ညီလာခံကြီးမှ **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၏ ရွှေဂုံတိုင်ကြေညာစာတမ်း** ကို အပြည့်အဝထောက်ခံခဲ့ကြပြီး

(၁) ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လည်လွတ်မြောက်ရေး၊
(၂) ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အခြေခံသော ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေး၊
(၃) အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲပေါ်ပေါက်ရေး၊
(၄) နအဖမှ တဖက်သတ်ရေးဆွဲထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရေးတို့ကို ဦးတည် ဆောင် ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

နအဖမှပြုလုပ်မည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့နိုင်သည့် အခြေအနေများကို ကျယ် ကျယ် ပြန့်ပြန့်ဆွေးနွေးခဲ့ကြပြီး မိမိတို့ဖက်မှ ပြင်ဆင်ဆောင်ရွက်သွားရမည့် ရေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြပါသည်။

ဆဋ္ဌမအကြိမ်ညီလာခံသက်တမ်းအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အား ဦးဆောင်သွား ရန်အတွက် ဥက္ကဋ္ဌ ဦးဗိုလ်သောင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ယင်းမာပင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်သူ့လွှတ် တော် ကိုယ်စားလှယ်)၊ ဒု–ဥက္ကဋ္ဌ ဒေါက်တာအေးကျော်နှင့် အတွင်းရေးမှူး ဦးမြင့်စိုးတို့ ဦးဆောင်သော ဗဟိုကော်မတီအသစ် ကို ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။

**နအဖအား ဤညီလာခံကြီးမှ အောက်ပါတောင်းဆိုချက်များကို အလေးအနက် တောင်းဆိုလိုက်ပါသည်**

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်။
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရာတွင် တိုင်းရင်းသားများပါ ပါဝင်ရ မည်ဖြစ်သောကြောင့် နှစ်ရှည်ပြစ်ဒဏ်ကျခံနေကြရသည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန် ထွန်းဦး၊ အတွင်းရေးမှူးစိုင်းညွန့်လွင်၊ ဗိုလ်ချုပ်ဆေထင်၊ အမျိုးသားဒီမိုကရက်တစ်ပါတီမှ ဦးကျော်မင်းနှင့် မွန် တိုင်းရင်းသားခေါင်းဆောင် နိုင်ယက္ခ တို့အား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်။
(၃) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများ စသည့် နိုင်ငံ ရေးအကျဉ်းသားအားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ အမြန်ဆုံးလွှတ်ပေးရန်၊
(၄) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကွယ်၊ ကိုဂျင်မီ စသည့် (၈၈)မျိုးဆက်ကျောင်းသားခေါင်းဆောင်များအားလုံးကို ကန့်သတ်ချက်များမရှိဘဲ အမြန်ဆုံး လွှတ်ပေးရန်၊
(၅) အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သည့် စစ်မှန်သော တွေ့ဆုံဆွေးနွေးရေးကို အချိန်အကန့်အသတ် ဖြင့် အကောင်အထည်ဖော်ပေးရန်။
(၆) ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ ရလဒ်အားအကောင်အထည်ဖော်သည့်အနေဖြင့် ပြည်သူ့လွှတ်တော်အား အမြန် ဆုံးခေါ်ပေးရန်။
(၇) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်ပြင်ဆင်နိုင်ရေးအခြေအနေများ ဖန်တီးပေးရန်တို့ကို လေးနက် စွာ တောင်းဆိုလိုက်ပါသည်။

ဗဟိုကော်မတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

ရက်စွဲ – ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်။

ဆက်သွယ်ရန်– ဦးမြင့်စိုး (ဖုန်း – ၀၈ ၀၁၁ ၆၇၅၂၆)